Protection from Sexual Exploitation and Abuse
PSEA Network Myanmar

## 1. PSEA အတွက် သတင်းစကားများ

လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနေသော အသိုင်းအဝိုင်းတွင် လိင်ပိုင်းဆိုင်ရာကျူးလွန်မှု (Sexual Exploitation and Abuse) များကို လုံးဝလက်သင့်မခံသော Zero Tolerance ပေါ်လစီရှိပါသည်။

အကူအညီများသည် အခမဲ့ဖြစ်ပါသည်။ အကူအညီထောက်အပံ့များကို လိင် သို့မဟုတ် တခြားတစ်ခုခုနှင့် လဲလှယ် ရမည်ဟု တောင်းဆိုခွင့်မရှိပါ။

အစားအသောက်၊ တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အသုံးအဆောင်များ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ရေ၊ သန့်ရှင်း ဘေးကင်းရေးဆိုင်ရာပစ္စည်းများ၊ သတင်းအချက်အလက်များ၊ အကူအညီရယူနိုင်သည့် နေရာများသို့ ညွှန်းဆို လွှဲပြောင်းမှုများ စသဖြင့် မည်သည့် အကူအညီအထောက်အပံ့မဆိုသည် အခမဲ့ဖြစ်ပါသည်။ ပေးဝေမှုသည် လည်း အမျိုးသမီး၊ အမျိုးသား၊ လူငယ်လူရွယ် ယောကျာ်း၊ မိန်းမငယ်လေးများနှင့် မိဘ/အုပ်ထိန်းသူ မရှိတော့သော ကလေးများ၊ မသန်စွမ်းများ စသဖြင့် ထိခိုက်ခံစားလွယ်သော လူအုပ်စုများအပါအဝင် ငလျင်ဘေး သင့်သော လူထုကို သူတို့၏လိုအပ်ချက်အလိုက် ပေးဝေခြင်းဖြစ်ပါသည်။ အကူအညီ အထောက်အပံ့ရရန် မည်သည့်အရာ နှင့်မျှ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ရပါ။ တစ်ယောက်ယောက်က ထိုသို့ တောင်းဆို လာပါက PSEA တာဝန်ရှိသူ (အဖွဲ့အစည်း၏ တိုင်ကြားရေးလမ်းကြောင်း) သို့ သတင်းပို့ပါ။ သို့မဟုတ် PSEA Hotline ဖုန်းနံပါတ် ၀၉၄၀၅၁၄၉၆၁၆ သို့ (ဖုန်း၊ စာတို၊ Viber၊ WhatsApp) တို့မှတဆင့် တိုင်ကြားနိုင်ပါသည်။ [mmrpsea@unfpa.org](mailto:mmrpsea@unfpa.org) သို့ email ပို့၍လည်း သတင်းပို့နိုင်ပါသည်။

အသက် ၁၈ နှစ်အောက်ကလေးနှင့် လိင်ကိစ္စပတ်သက်ခြင်းသည် မည်သည့် အခြေအနေအကြောင်းအရင်း မျိုးတွင်မဆို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမြောက်ပြီး PSEA တာဝန်ရှိသူ (အဖွဲ့အစည်း၏ တိုင်ကြားရေး လမ်းကြောင်း) သို့ မဖြစ်မနေသတင်းပို့ရန် လိုပါသည်။ PSEA Hotline ဖုန်းနံပါတ် ၀၉၄၀၅၁၄၉၆၁၆ သို့ (ဖုန်း၊ စာတို၊ Viber၊ WhatsApp) တို့မှတဆင့် သို့မဟုတ် mmrpsea@unfpa.org သို့ email ပို့၍လည်း သတင်းပို့နိုင်ပါ သည်။

အကူအညီပေးနေသောဝန်ထမ်းများ (နိုင်ငံတကာမှဖြစ်စေ၊ ပြည်တွင်းအဖွဲ့အစည်းဖြစ်စေ) သည် သူတို့၏ ရာထူးနှင့် လုပ်ပိုင်ခွင့်ပေါ်မူတည်၍ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း မရှိရပါ။ အကယ်၍ အကူအညီပေးနေသော ဝန်ထမ်းတစ်ဦးဦးသည် လိင် သို့မဟုတ် လိင်နှင့်ပတ်သက်၍ နည်းတစ်မျိုးမျိုးဖြင့်

အခွင့်အရေးတောင်းဆိုလာပါက ထိုအပြုအမူကို လုံးဝလက်မခံသင့်ဘဲ PSEA Hotline ဖုန်းနံပါတ် ၀၉၄၀၅၁၃၄၉၆၁၆ သို့ (ဖုန်း၊ စာတို၊ Viber၊ WhatsApp) တို့မှတဆင့် သို့မဟုတ် mmrpsea@unfpa.org သို့ email ပို့၍ မဖြစ်မနေသတင်းပို့ရန်လိုပါသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနေသော ဝန်ထမ်းများမှ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ ကျူးလွန်ခြင်းများ (SEA) သည် လုံးဝလက်သင့်မခံနိုင်သော အပြုအမူဖြစ်ပြီး PSEA Hotline ဖုန်းနံပါတ် ၀၉၄၀၅၁၃၄၉၆၁၆ သို့ (ဖုန်း၊ စာတို၊ Viber၊ WhatsApp) တို့မှတဆင့် သို့မဟုတ် mmrpsea@unfpa.org သို့ email ပို့၍ မဖြစ်မနေ သတင်းပို့ရန်လိုပါသည်။

ဤ နေရာ/ယာယီစခန်းသည် (xxx) အဖွဲ့မှ စီစဉ်ထားခြင်းဖြစ်ပါသည်။ နေရာ၊ အစားအသောက်နှင့် အထောက်အပံ့များမှာ အခမဲ့ဖြစ်ပါသည်။ ပိုက်ဆံတောင်းခြင်း၊ လာဘ်ပေးရန်တောင်းဆိုခြင်း၊ မည်သည့် အခြားနည်းနှင့်မျှ အကူအညီများကို လဲလှယ်ရန်တောင်းဆိုခြင်းများ ခွင့်မပြုထားပါ။ အကယ်၍ တစ်ယောက်ယောက်က သင့်အားခြိမ်းခြောက် စိတ်မလုံခြုံမှုဖြစ်စေပါက ထိုအကြောင်းကို PSEA တာဝန်ရှိသူ (အဖွဲ့အစည်း၏ တိုင်ကြားရေးလမ်းကြောင်း) သို့မဟုတ် PSEA Hotline ဖုန်းနံပါတ် ၀၉၄၀၅၁၃၄၉၆၁၆ သို့ (ဖုန်း၊ စာတို၊ Viber၊ WhatsApp) တို့မှတဆင့် သို့မဟုတ် mmrpsea@unfpa.org သို့ email ပို့၍သတင်းပို့နိုင်ပါသည်။

အကူအညီပေးနေသည့်ဝန်ထမ်းများသည် သင်ဘယ်လိုသူဖြစ်နေပါစေ သင်၏လူသား ဂုဏ်သိက္ခာကို လေးစားရပါမည်။ ကိုယ်ချင်းစာတရားထား၍ မျှမျှတတ ဆက်ဆံရပါမည်။ အကယ်၍ အကူအညီပေးနေသည့် ဝန်ထမ်းတစ်ဦးဦးက သင့်ကို ထိခိုက်နာကျင်အောင်လုပ်သည်၊ ဒေါသနှင့် စိတ်အနှောက်အယှက်ဖြစ်စေသည် သို့မဟုတ် သူတို့ကူညီမှုအတွက် တစ်ခုခုပြန်တောင်းဆိုသည် ဆိုပါက ဤအကြောင်းကို ချက်ချင်းသတင်းပို့နိုင်ပါသည်။ PSEA တာဝန်ရှိသူ (အဖွဲ့အစည်း၏ တိုင်ကြားရေးလမ်းကြောင်း) သို့မဟုတ် PSEA Hotline ဖုန်းနံပါတ် ၀၉၄၀၅၁၃၄၉၆၁၆ သို့ (ဖုန်း၊ စာတို၊ Viber၊ WhatsApp) တို့မှတဆင့် သို့မဟုတ် mmrpsea@unfpa.org သို့ email ပို့၍ သတင်းပို့ပါ။